သို့
အမေရိကန်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ

**အကြောင်းအရာ** - B.U.R.M.A Act ကိုအတည်ပြုပြဌာန်းပါ။ Burma Unified through Rigorous Military Accountability (BURMA) Act အတည်ပြုပြဌာန်းရေး မြန်မာနိုင်ငံ ဒေသအသီးသီးတွင် မူလနေထိုင်ခဲ့ပြီး လက်ရှိအမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသူများမှ လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံအခြေစိုက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာသွေးစည်းညီညွတ်ရေး အဖွဲ့အစည်းများ ပါဝင်ထောက်ခံထားသော အမေရိကန်လွှတ်တော်သို့အိတ်ဖွင့်ပေးစာ

အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်လွှတ်တော်အမတ်များသို့၊

မြန်မာနိုင်ငံဒေသအသီးသီးတွင် မူလနေထိုင်ခဲ့ပြီး လက်ရှိအမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသော ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ သွေးစည်းညီညွတ်ရေးအဖွဲ့အစည်းများ၏ ပါဝင်ထောက်ခံမှုနှင့်အတူ Burma Act ကိုထောက်ခံကြောင်းနှင့် ၎င်းကိုဥပဒေအဖြစ် ပြဌာန်းနိုင်ရေး အရှိန်မြှင့်ဆောင်ရွက်ရန်တောင်းဆိုကြောင်း ဤစာဖြင့်ထုတ်ဖော်တင်ပြလိုက်ရပါသည်။ ပြည်ပရောက်မြန်မာအဖွဲ့များ၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (၂၄၂)ဖွဲ့များစုပေါင်း၍ အောက်တိုဘာလ၊ (၆) ရက်၊ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင် လက်မှတ်ရေးထိုးပေးပို့ခဲ့သည်။ ထိုသို့ပေးပို့ပြီးချိန်နောက်ပိုင်း မြန်မာနိုင်ငံမြေပြင်အခြေအနေသည် ပို၍ပင် ဆိုးဝါးလာခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ မှတ်တမ်းများအရ မတ်လ ၂၆ရက်နေ့အထိ စစ်အုပ်စုသည် အရပ်သား (၁,၇၀၇) ဦးသတ်ဖြတ်ခဲ့ပြီး ပြည်သူ (၁၂,၉၇၀) ဦးကိုရမ်းကားဖမ်းဆီးခဲ့သည်။ ထို့ပြင် UNHCR ကနောက်ဆုံးထုတ်ပြန်သောအစီရင်ခံစာအရ တိုင်းရင်းသားလူမျိုးစုဒေသများတွင် စစ်တပ်ကကျူးလွန်လျက် ရှိသော လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးဖြင့်ပစ်ခတ်မှုများကြောင့် အသက်ဘေးမှလွတ်ရာသို့ ထွက်ပြေးနေရသည့် ပြည်တွင်းအိုးအိမ်စွန့်ခွာထွက်ပြေးသူ (၈၁၀,၀၀၀) နှင့် နိုင်ငံမဲ့ ရိုဟင်ဂျာလူမျိုး ၆၀၀,၀၀၀ အပါအဝင် စိုးရိမ်ရသူ ၁.၂သန်းရှိပြီဖြစ်သည်။

မြန်မာနိုင်ငံဒီမိုကရေစီအတွက် ဆက်လက်ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုသည့် အမေရိကန်နိုင်ငံမှ နောက်ဆုံးကြေညာထားသော လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့အနေဖြင့်ကြိုဆိုပါသည်။ အထူးသဖြင့် အထက်လွှတ်တော်အမတ်မတ်ကောနယ် ဦးဆောင်၍ ၂၀၂၂ ခုနှစ် နိုင်ငံတော်ကာကွယ်ရေးလုပ်ပိုင်ခွင့်ဥပဒေပြင်ဆင်ခြင်း၊ မတ်လ(၂၅) ရက်နေ့ ၂၀၂၂ ခုနှစ်တွင် ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုအသစ်များ ထုတ်ပြန်ခြင်း၊ လွှတ်တော်နှစ်ခုလုံးမှ အမတ် (၁၄) ဦးက စုပေါင်းလက်မှတ်ရေးထိုးကာ နိုင်ငံခြားရေးဌာနနှင့် အတွင်းရေးမှူးဘလင်ကန်တို့အနေဖြင့် မြန်မာနိုင်ငံအခြေအနေအပေါ် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုထားသည့် မြန်မာပြည်ဒီမိုကရေစီအရေး ထောက်ခံအားပေးစာ ပေးပို့ခြင်း၊ ဆီးနိတ်တွင် S. Res 35 ကို အတည်ပြုပြဌာန်းခြင်းနှင့် အမေရိကန်အစိုးရ၏ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု ဆုံးဖြတ်ချက်တို့အပေါ် ကြိုဆိုပါသည်။ ကိုယ်စားလှယ်မိခ ၊ ကိုယ်စားလှယ်ဘယ်ရာနှင့် ကိုယ်စားလှယ်ချာဘောတ်တို့၏ အာဏာသိမ်းမှုတစ်နှစ်ပြည့် ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံပြည်သူများ၏ ဒီမိုကရေစီနှင့်လွတ်လပ်မှုအတွက် ထောက်ခံအားပေးမှုဆက်လက်ပြသခြင်းအတွက် ကျွန်ုပ်တို့အထူးကျေးဇူးတင်ပါသည်။ ထို့အတူ အောက်တိုဘာလ၊ (၂၁) ရက်၊ ၂၀၂၁ ခုနှစ်တွင် BURMA Act ကိုထောက်ခံကြောင်း ပါတီအင်အားစုကြား နှစ်ဘက်သဘောတူထောက်ခံချက်ကို ပြသခဲ့သော အောက်လွှတ်တော်နိုင်ငံခြားရေးကော်မတီကိုလည်းကောင်း၊ လွှတ်တော်နှစ်ရပ်လုံးမှ BURMA Act ထောက်ခံသူ (၁၀၂)ဦးလုံးကိုလည်းကောင်း အလေးထားအသိအမှတ်ပြုပါသည်။

BURMA Act တွင်လုပ်ပိုင်ခွင့်ပေးထားသော လူသားချင်းစာနာမှုနှင့် ဒီမိုကရေစီရေး အကူအညီများသည် အမှန်တကယ်ကို လိုအပ်နေသည်။ ထို့အတူ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများကို ပိတ်ဆို့မှုလုပ်နိုင်ရေး စုံစမ်းစစ်ဆေးရန်၊ စစ်တပ်၏ တိုင်းရင်းသားလူမျိုးစုများ အပေါ် နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ခဲ့ခြင်းများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင်ဆောင်ရွက်ရန်နှင့် ထိုဖော်ပြပါများကို အမှန်တကယ်အကောင်အထည်ဖော်နိုင်ရေး အထူးညှိနှိုင်းရေးတာဝန်ခံခန့်အပ်ရန်လည်း လိုအပ်သည်။ BURMA Act ပါ ဒဏ်ခတ်အရေးယူမှုဆိုင်ရာ ပြဌာန်းချက်စာသားများသည် စစ်အုပ်စု၏ဘဏ္ဍာရေးကို ထိခိုက်စေရန် ပစ်မှတ်ထားပြီး ပြည်သူအပေါ်ထပ်မံဒုက္ခမဖြစ်အောင် ရှောင်ရှားထားသည်။

လူသတ်စစ်အာဏာရှင်အုပ်စုက သတ်ဖြတ်ခဲ့သော မရေမတွက်နိုင်သည့် ပြည်သူများ၏ အသက်ကိုလည်းကောင်း၊ စစ်အာဏာရှင်အုပ်စုက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအပေါ် အန္တရာယ်ပြုရန် ခြိမ်းခြောက်နေမှုကိုလည်းကောင်း ထည့်သွင်းစဥ်းစားကာ ၂၀၂၂ ခုနှစ် BURMA Act ကို အမြန်ဆုံး အကောင်အထည်ပေါ် အတည်ပြုပြဌာန်းရန် အမေရိကန်လွှတ်တော်ကို ဤအိတ်ဖွင့်ပေးစာ လက်မှတ်ရေးထိုးထားသည့် မိမိတို့အနေဖြင့် တောင်းဆိုပါသည်။ အောက်လွှတ်တော်တွင် ပါတီအင်အားစုများကြား နှစ်ဖက်သဘောတူမှုဖြင့် ကျွန်ုပ်တို့ကို ထောက်ခံမှုပေးခဲ့သည့်အပေါ် အလေးထားအသိအမှတ်ပြုပါသည်။ အထက်လွှတ်တော်အမတ်များ အနေဖြင့်လည်း အလားတူညီညွတ်သောထောက်ခံမှုပေးရန် တောင်းဆိုပါသည်။

“ဘယ်နေရာမှာမဆိုရှိနေတဲ့မတရားမှုဟာ နေရာတိုင်းကတရားမျှတမှုတွေအတွက် ခြိမ်းခြောက်မှုဖြစ်စေတယ်” ဟု မာတင်လူသာကင်းဂျူနီယာ တစ်ချိန်ကပြောခဲ့သည့်အတိုင်း ဒီမိုကရေစီနည်းလမ်းကျရွေးကောက်တင်မြောက်ခြင်းခံထားရသော ကျွန်ုပ်တို့၏လွှတ်တော်အနေဖြင့် မြန်မာစစ်အုပ်စုကို ၎င်းတို့ကျူးလွန်သောရာဇဝတ်များအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိအောင်ဆောင်ရွက်ရန်လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေး မြန်မာပြည်သူများ၏ ကြိုးပမ်းချက်များကို ကူညီပံ့ပိုးရန်လည်းကောင်း မြန်ဆန်သော၊ ခိုင်မာသော အရေးယူဆောင်ရွက်မှုများ ချမှတ်အကောင်အထည်ဖော်မည့်အချိန်ကို ကျွန်ုပ်တို့စောင့်မျှော်သွားပါမည်။

လေးစားစွာဖြင့်
လက်မှတ်ရေးထိုးသူများ

1. Action Committee for Democracy Development, VA
2. American Rohingya Advocacy/ Arakan Institute for Peace and Development, TX
3. Anti-Dictatorship In Burma- DC Metro Area, MD
4. Arizona Karen Baptist Church, AZ
5. Bethel Myanmar Assembly of God, MD
6. Boston Free Burma, MA
7. Burma Association at Berkeley, CA
8. Burma Task Force, IL
9. Burmese American Community Institute (BACI), IN
10. Burmese American Millennials, Washington DC
11. Burmese Chin Community of Atlanta, GA
12. Burmese Rohingya Community of Wisconsin Inc., WI
13. Burmese Student Association, Cal Poly SLO, CA
14. California Karen Youth Connection, CA
15. Calvary Burmese Church, Washington DC
16. Campaign for a New Myanmar, Washington DC
17. CDM Support Group (India), IL

18. Chin Community of USA-DC Area, Washington DC
19. Chin Leaders, WI
20. Crane Center for Mass Atrocity Prevention, IN
21. Decency & Clarity, VA
22. DFW Myanmar Ethnic Community, TX
23. Fort Wayne Burmese Christian Fellowship Church, IN
24. Freedom For Burma, CA
25. Free Myanmar Inc., TX
26. Free Myanmar Campaign, USA
27. Global Movement for Myanmar Democracy (GM4MD), USA
28. Institute for Asian Democracy, Washington DC
29. International Campaign for the Rohingya (ICR), Washington DC
30. International Christian Concern, Washington DC
31. Karen Baptist Churches, USA
32. Karen Organization of America, MN
33. Karen Organization of San Diego, CA
34. Karen Society of Nebraska, NE
35. Karenni Community of North Carolina, NC
36. Karenni Community of Rochester, NY
37. Karenni Community of Trenton, NJ
38. LA Rohingya Association/ America Rohingya Justice Network, CA
39. Lyncourt Wesleyan Church (Myanmar Service), NY
40. Myanmar Queer Straight Alliance, NY
41. Myanmar Society of Georgia, GA
42. Myanmar Student Union USA, CA & MN
43. Nationalities Alliance of Burma, USA
44. No Business with Genocide, Washington DC
45. Overseas Burmese Christians Fellowship, MA
46. Philadelphia Burmese Baptist Church, PA
47. Prayer Pioneers, WV
48. Sacred City, CA
49. Save Myanmar San Francisco, CA
50. Sizang Burmese Mission Church, MD
51. Students for Free Burma (SFB), CA
52. Support the Democracy Movement in Burma, NY
53. Syracuse Myanmar Community, NY
54. US Advocacy Coalition for Myanmar (USACM), Washington DC
55. U.S. Campaign for Burma, Washington DC
56. United States Chin Coalition (USCC), IN
57. Utica Karen Baptist Church, NY
58. Utica Karen Community, NY

ထောက်ခံပါဝင်သူများ

1. 8888 Generation, New Zealand

2. All Arakan Students' and Youths' Congress
3. All Burma Democratic Face in New Zealand
4. ALTSEAN-Burma
5. Alternative Solutions for Rural Communities (ASORCOM)
6. Assistance Association for Political Prisoners
7. Association of Human Rights Defenders and Promoters
8. Athan Freedom of Expression Activist Organization
9. Auckland Kachin Community, New Zealand
10. Auckland Zomi Community, New Zealand
11. Australian Karen Organisation Inc
12. Backpack Health Workers Team
13. Blood Money Campaign
14. Boat People SOS (BPSOS)
15. Burma Campaign UK
16. Burma Medical Association
17. Burmese Canadian Network
18. Burmese Rohingya Welfare Organisation, New Zealand
19. Burmese Women's Union
20. California-Nevada Philippine Solidarity Task Force, United Methodist Church
21. Cambodian Americans and Friends for Democracy and Human Rights Advocate, USA
22. Chin Community of Auckland, New Zealand
23. CRPH Support Group- Norway
24. Democracy for Ethnic Minorities Organization
25. Democracy for Myanmar - Working Group, New Zealand
26. Democracy, Peace and Women's Organization - DPW
27. Democratic Youth Council
28. EarthRights International
29. Equality Myanmar
30. Federal Myanmar Benevolence Group, New Zealand
31. Fortify Rights
32. Foundation of Khmer Samaki, USA
33. Future Light Center
34. Future Thanlwin
35. General Strike Committee for Nationalities
36. Generation Wave
37. Human Rights Action Center
38. Human Rights Foundation of Monland
39. International Association, Myanmar-Switzerland
40. International Ministries
41. International Society of Myanmar Scholars and Professionals
42. Justice For Myanmar
43. Kachin Women's Association Thailand
44. Karen Human Rights Group

45. Karen Peace Support Network
46. Karen Women’s Organization
47. Karenni Civil Society Network
48. Karenni National Women’s Organization
49. Karenni Society, New Zealand
50. Keng Tung Youth
51. Key of The World
52. Me Boun Foundation
53. Metta Campaign Mandalay
54. Myanmar Engineers, New Zealand
55. Myanmar Gonye, New Zealand
56. Myanmar People Alliance, Shan State
57. Myanmar Students' Union in New Zealand
58. Myanmar Youth and Student Association-Japan
59. Network for Human Rights Documentation-Burma (ND-Burma)
60. New Zealand Doctors for NUG
61. New Zealand Karen Association
62. New Zealand Zo Community Inc.
63. Olive Organization
64. Overseas Mon Association, New Zealand
65. Progressive Voice
66. Pyithu Gonye, New Zealand
67. Rohingya Christian Community
68. Rohingya-Voice
69. Rvwang Community Association, New Zealand
70. San Francisco Committee for Human Rights in the Philippines
71. Save and Care Organization for Women at Border Areas
72. Save Myanmar Fundraising Group, New Zealand
73. Shan Community, New Zealand
74. Shan MATA
75. Sisters 2 Sisters
76. Sitt Nyein Pann Foundation
77. Southern Youth Development Organization
78. Synergy- Social Harmony Organization
79. Ta'ang Legal Aid
80. Ta’ang Women’s Organization
81. Tanintharyi MATA
82. Temple Emanu-El
83. Temple Emanu-El of Utica, NY
84. Twitter Team for Revolution
85. Union of Karenni State Youth
86. Women Advocacy Coalition- Myanmar
87. Women’s League of Burma